# အမျိုးသားရေးစိတ်ဓာတ်များဖြင့် ပေါ်ပေါက်လာမည့် နိုင်ငံရေးပါတီများ

**မောင်ရွှေရိုး**

နိုင်ငံအသီးသီး၏ နိုင်ငံရေးပါတီများသည် မိမိနိုင်ငံ၏ သမိုင်းကြောင်းနောက်ခံနှင့် ပထဝီနိုင်ငံရေးတို့အပေါ်အခြေခံ၍ ခိုင်မာသောမူဝါဒများဖြင့် အင်အားတောင့်တင်းအောင် တည်ဆောက်ပြီး ပြည်သူလူထုအကျိုးစီးပွားအတွက် ဖော်ဆောင်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် ကုလသမဂ္ဂအဖွဲ့ဝင်မဟုတ်သော နိုင်ငံပေါင်း ၂၆၅ နိုင်ငံရှိပြီး ပါတီစုံစနစ်ကျင့်သုံးသော နိုင်ငံများမှာ ၁၂၃ နိုင်ငံ၊ အင်အားကြီးပါတီ တချို့ကသာ လွှမ်းမိုးထားသော ပါတီစုံစနစ်ကျင့်သုံးသည့်နိုင်ငံများ ၅၁ နိုင်ငံ၊ အင်အားကြီးပါတီ နှစ်ခုမှ ဦးဆောင်သော ပါတီနိုင်ငံရေးစနစ်ကျင့်သုံးသည့်နိုင်ငံ ၃၉ နိုင်ငံ၊ ပါတီတစ်ခုတည်းမှ ဦးဆောင်သော နိုင်ငံရေးပါတီစနစ်ကျင့်သုံးသည့်နိုင်ငံ ကိုးနိုင်ငံ၊ ပါတီများဖွဲ့စည်းထူထောင်ထားခြင်းမရှိသောနိုင်ငံ ၂၀ နိုင်ငံနှင့် စစ်ဘက်မှအုပ်စိုးသောနိုင်ငံများ ခြောက်နိုင်ငံ၊ အကြွင်းမဲ့ဘုရင်စနစ်ကျင့်သုံးသောနိုင်ငံ နှစ်နိုင်ငံတို့ဖြစ်ကြသည်။ မည်သည့်စနစ်ကိုကျင့်သုံးကြသည်ဖြစ်စေ မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို နိုင်ငံရေးပါတီများ၊ အုပ်ချုပ်သူများက ကာကွယ်စောင့်ရှောက်ကြရသည်သာဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် နိုင်ငံရေးပါတီအမျိုးအစား သုံးမျိုးရှိပြီး နိုင်ငံအဆင့် အသိအမှတ်ပြုပါတီ ခုနစ်ပါတီ၊ ပြည်နယ်အဆင့်အသိအမှတ်ပြုပါတီ ၄၉ ပါတီနှင့် အသိအမှတ်ပြုမခံရသေးသည့် ပါတီများဟူ၍ ဖြစ်သည်။ နိုင်ငံအဆင့်ပါတီများသည် နိုင်ငံတစ်ဝန်းလုံးတွင် ကိုယ်စားလှယ်နေရာများရရှိထားပြီး ပြည်နယ်ကြီး သုံးပြည်နယ်၌ အောက်လွှတ်တော်တွင် နေရာစုစုပေါင်း လေးနေရာ (နှစ်ရာခိုင်နှုန်း) အနိုင်ရရှိရမည်။ နောက်ဆုံးကျင်းပခဲ့သည့် ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲများတွင် ထောက်ခံမဲ ခြောက်ရာခိုင်နှုန်းရရှိရမည်။ အနည်းဆုံးပြည်နယ် လေးပြည်နယ်တွင် ပြည်နယ်အဆင့်ပါတီအဖြစ် အသိအမှတ်ပြုခြင်းခံရမည်ဖြစ်သည်။ ပြည်နယ်အဆင့် ပါတီများသည် အောက်လွှတ်တော် ၂၅ နေရာအနက် တစ်နေရာရှိပြီး ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲ စုစုပေါင်းနေရာ၏ နှစ်နေရာ (သုံးရာခိုင်နှုန်း) အနိုင်ရရှိရမည်။ ထောက်ခံမဲအနည်းဆုံး ခြောက်ရာခိုင်နှုန်းရှိရမည်။ အထွေထွေရွေးကောက်ပွဲတွင် အောက်လွှတ်တော်ကိုယ်စားလှယ်နေရာနှင့် ပြည်နယ်ဥပဒေပြုလွှတ်တော်နေရာ မရှိခဲ့လျှင် ယင်းပြည်နယ်၏ စုစုပေါင်းဆန္ဒမဲ ရှစ်ရာခိုင်နှုန်းရရှိရမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် အာဏာရနိုင်ငံရေးပါတီမှာ The Bharatiya Janata Party (BJP) ဖြစ်သည်။ ၁၉၈၀ ပြည့်နှစ် ဧပြီ ၆ ရက်နေ့တွင် BJP ပါတီကို တည်ထောင်ခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် တည်ထောင်ခဲ့သော Bharatiya Jana Sangh ပါတီမှ ပေါ်ပေါက်လာခြင်းဖြစ်ပြီး Janata ပါတီကဲ့သို့သော အခြားနိုင်ငံရေးပါတီများနှင့် ပေါင်းစည်းခဲ့သည်။ ဟိန္ဒူမူဝါဒနှင့် ကွန်ဆာဗေးတစ်မူဝါဒများကြောင့် လူသိများခြင်းဖြစ်သည်။ Hindutva သည် ပါတီ၏နိုင်ငံရေးသဘောတရား အခြေခံအုတ်မြစ်ဖြစ်သည်။ ပါတီခေါင်းဆောင်များအနက် ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်ခဲ့သည့် Atal Bihari Vajpayee နှင့် Narendra Modi တို့ဖြစ်သည်။ ပါတီသည် အမျိုးသားမူဝါဒနှင့်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးတိုးတက်မှု၊ အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်မှု၊ ခိုင်မာသောနိုင်ငံတော်ကာကွယ်ရေးတို့ကို အဓိကအလေးထားသည်။ ပါတီ၏ဦးတည်ချက်မှာ စက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုရရှိရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးရေးဖြစ်သည်။ BJP ပါတီသည် အိန္ဒိယနိုင်ငံ၏ စီးပွားရေးကျဆင်းချိန် ၂၀၁၄ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည်။ ပါတီခေါင်းဆောင် Narendra Modi သည် လူမှန်၊ နေရာမှန်၊ အချိန်မှန်(The right man, in the right place, at the right time) ကိုဖော်ဆောင်ခဲ့သည်။ ယင်းသည် Gujarat ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ဆယ်စုနှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်ရုံမက ရင်းနှီးမြှုပ်နှံမှုအချက်အချာနေရာအဖြစ် ဖော်ဆောင်ပေးနိုင်ခဲ့သည်။ ၂၀၁၄ ခုနှစ်မှစတင်ပြီး Narendra Modi သည် Gujarat ပြည်နယ်တွင် ဆောင်ရွက်ခဲ့သည့်အတိုင်း အိန္ဒိယနိုင်ငံကို ဖော်ဆောင်နိုင်ခဲ့သည်။ ယနေ့အချိန်တွင် BJP ပါတီနှင့်မိတ်ဖက်များသည် အိန္ဒိယနိုင်ငံ ဗဟိုအစိုးရနှင့် ပြည်နယ် ၂၈ ပြည်နယ်အနက် ပြည်နယ် ၂၀ တွင် အစိုးရဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

စင်ကာပူနိုင်ငံသည် ပါတီစုံစနစ်ကိုကျင့်သုံးပြီး ပါတီအရေအတွက် ၂၀ ကျော်ခန့် မှတ်ပုံတင်ထားသည်။ ဝန်ကြီးချုပ် လီကွမ်ယု ခေါင်းဆောင်သည့် People Action Party (PAP) ပါတီသည် ၁၉၅၉ ခုနှစ်မှစ၍ ရွေးကောက်ပွဲများတွင်အနိုင်ရရှိပြီး အစိုးရဖွဲ့စည်းနိုင်ခဲ့သည့် တစ်ခုတည်းသောပါတီဖြစ်သည်။ PAP ပါတီသည် ဤမျှအချိန်ကြာကြာ ရွေးကောက်ပွဲအောင်မြင်ရခြင်းမှာ (၁)အစိုးရမှ ပြည်သူလူထုအတွက် Delivering Good လုပ်ပေးနိုင်ခြင်း၊ (၂)စင်ကာပူအစိုးရသည် အောက်ခြေအထိ ပါတီယန္တရားတည်ဆောက်နိုင်ခြင်း (Grass Root Political Mechinery) တို့ကြောင့်ဖြစ်သည်။ အခြေခံအားဖြင့် (၁)အလုပ်အကိုင်ကောင်းရှာဖွေပေးနိုင်သည်၊ (၂)ကျောင်းကောင်းကောင်းတည်ဆောက်နိုင်သည်၊ (၃) နေစရာနှင့်အခြားလိုအပ်သော Social Service များပေးစွမ်းနိုင်သည်။ PAP ပါတီသည် ပြည်သူလူထုအဖွဲ့အစည်း (People Association)၊ လူမှုရေးအသင်းအဖွဲ့များ (Community Development)၊ အလုပ်သမားသမဂ္ဂ (National Trade Union Congress –NTUC) တို့ကို ဖွဲ့စည်းဆောင်ရွက်၍ PAP ပါတီက စိုးမိုးထားနိုင်သည်။ PAP ပါတီသည် ပါတီ၏ ဘယ်တောင်ပံ၊ ညာတောင်ပံစည်းရုံးရေးအဖြစ် ( Young PAP and PAP Women Wing ) လူငယ်စည်းရုံးရေးနှင့် အမျိုးသမီးထုခိုင်မာစွာစည်းရုံးခြင်းဖြင့် လျော်ညီသောအဖွဲ့အစည်းများကို စနစ်တကျဖွဲ့စည်းနိုင်သည်။ ပါတီအထွေထွေအတွင်းရေးမှူး ဂိုချုပ်တောင် (Goh Chok Tong ) လက်ထက်တွင် အသက် ၁၇ နှစ်မှ ၃၅ နှစ်အတွင်း လူငယ်များကို Young PAP အဖြစ် စတင်ထူထောင်၍ ၁၉၈၆ ခုနှစ်တွင် လူငယ်စည်းရုံးရေးကို အဓိကစတင်ဆောင်ရွက်ခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် လွှတ်တော်အမတ် ၈၁ ဦးအနက် ၂၀ ရာခိုင်နှုန်းမှာ လူငယ် PAP ပါတီဝင်များဖြစ်လာခဲ့သည်။ PAP ပါတီသည် ပါတီထိပ်ပိုင်းခေါင်းဆောင်များအနေဖြင့် အသက်အရွယ်ကြီးရင့်သူများနေရာတွင် လူငယ် Technocrats များကို အစားထိုးဆောင်ရွက်ခြင်း၊ အစိုးရအဖွဲ့ဝန်ကြီးများနေရာတွင် မျိုးဆက်သစ်များကို မွေးထုတ်အစားထိုးဆောင်ရွက်ခြင်းဖြင့် သွေးသစ်လောင်းခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ်များရွေးချယ်ရာတွင် အဆင့်လိုက်ရွေးချယ်သည်။ တာဝန်ပေးမှု အကြီး၊ အသေးအလိုက် စိစစ်သည်။ ဝန်ကြီးအဖြစ် တာဝန်ပေးလိုပါက စိတ်ကျန်းမာရေးစစ်ဆေးသည်အထိ ဆောင်ရွက်ခဲ့သည်။ မဲဆန္ဒနယ်များတွင် လက်တွေ့နိုင်ငံရေးလုပ်ကိုင်နိုင်ရန် အောက်ခြေလူထုနှင့်ရင်းနှီးသည်အထိ ကွင်းဆင်းဆောင်ရွက်စေသည်။ စင်ကာပူပြည်သူလူထုသည် နိုင်ငံတည်ငြိမ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကောင်းမွန်သောလူမှုဘဝနှင့် ကောင်းမွန်သော လူ့အဖွဲ့အစည်း (Good Life and Good Society) ဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ စင်ကာပူနိုင်ငံတွင် ကောင်းမွန်သောလူနေမှုဘဝနှင့် တိုးတက်ကောင်းမွန်သော လူ့အဖွဲ့အစည်းကို ဖြည့်ဆည်းပေးနိုင်သည့် People Action Party (PAP) ပါတီကို ပြည်သူလူထုက ဆက်လက်ထောက်ခံနေခဲ့သည်။

> **ကမ္ဘောဒီးယားနိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ပါတီငယ်များကိုလည်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုထားသည်။ လက်ရှိနိုင်ငံရေးပါတီ ကိုးပါတီရှိပြီး လူနည်းစုနိုင်ငံရေးပါတီငယ်များအနေဖြင့် ၁၉ ပါတီရှိသည်။ ကမ္ဘောဒီးယားပြည်သူ့ပါတီ(Cambodia People's Party - CPP) သည် ၂၀၂၃ ခုနှစ် ဇူလိုင် ၂၃ ရက်နေ့ ရွေးကောက်ပွဲ၌ လွှတ်တော်ကိုယ်စားလှယ် ၁၂၅ နေရာတွင် ၁၂၀ နေရာအနိုင်ရရှိခဲ့ပြီး မဲဆန္ဒရှင် ၉ ဒသမ ၇ သန်းတွင် ၈ ဒသမ ၁ သန်း ထောက်ခံအားပေးမှုရရှိခဲ့သဖြင့် ၈၄ ဒသမ ၅၈ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့သည့်အတွက် ၁၉၇၉ ခုနှစ်ကတည်းက ယနေ့အထိ အာဏာရရှိခဲ့ပြီး နိုင်ငံကိုအုပ်ချုပ်နိုင်ခဲ့သည့် ကမ္ဘာပေါ်တွင် အရှည်ကြာဆုံး အာဏာရနိုင်ငံရေးပါတီတစ်ခုဖြစ်**

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် တစ်ပါတီစနစ်ကျင့်သုံးသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ တရုတ်ကွန်မြူနစ်ပါတီ (Chinese Communist Party – CCP ) သည် တစ်ခုတည်းသော အာဏာရပါတီဖြစ်သည်။ ၁၉၂၁ ခုနှစ်မှစတင်တည်ထောင်ခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် နှစ်(၁၀၀) ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။ ပါတီခေါင်းဆောင်မှုနှင့် နိုင်ငံ့ခေါင်းဆောင်များ အကြိမ်ကြိမ်ပြောင်းလဲခဲ့ပြီး ပြည်တွင်းစစ်၊ အင်တ်ဘေး၊ ယဉ်ကျေးမှုတော်လှန်ရေး၊ လူတန်းစားပဋိပက္ခ၊ တီယန်မင်ရင်ပြင်ကဲ့သို့ ဒီမိုကရေစီလှုပ်ရှားမှုများကြားက တရုတ်ကွန်မြူနစ်ပါတီသည် နိုင်ငံရေးဦးဆောင်မှုကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ၁၉၄၉ ခုနှစ် မော်စီတုန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံကို တည်ထောင်ချိန်မှစ၍ နိုင်ငံ၏စီးပွားရေး အရှိန်အဟုန်ဖြင့်တိုးတက်လာခြင်းနှင့်အတူ အင်အားကြီးနိုင်ငံအဖြစ်သို့ ရောက်ရှိနိုင်ရန် ဦးဆောင်မှုပြုနိုင်ခဲ့သည်။

လူဦးရေ သန်းတစ်ထောင့်လေးရာကျော် အင်အားရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပါတီဝင်သန်း ၉၀ ကျော်သာရှိသည့် တရုတ်ကွန်မြူနစ်ပါတီက နိုင်ငံတော်အာဏာကိုရယူနိုင်ခဲ့ခြင်း၏ အဓိကအကြောင်းအရင်းမှာ စီးပွားရေးဖော်ဆောင်နိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။ လူတစ်ဦးချင်း ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ၁၉၈၀ ပြည့်နှစ်က အမေရိကန်ဒေါ်လာ ၂၀၀ ပတ်ဝန်းကျင်ရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကျော်ထိ တိုးတက်လာခဲ့သည်။ လူဦးရေ သန်း ၇၇၀ ကျော်ကို ဆင်းရဲတွင်းကလွတ်မြောက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ နိုင်ငံတစ်ဝန်း ဆယ်စုနှစ်အနည်းငယ်တွင် ဖွံ့ဖြိုးတိုးတက်မှုများ အလျင်အမြန်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ မြေအောက်ရထား၊ ကျည်ဆန်ရထား၊ မိုးပျံလမ်း၊ ခေတ်မီဟိုတယ်၊ နေအိမ်အဆောက်အအုံများနှင့် ကမ္ဘာ့အဆင့်မီလေဆိပ်များ စသည့်စီးပွားရေးအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့်အတူ ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ၊ ကမ္ဘာတစ်ဝန်းကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံသားများ၏ လူမှုစီးပွားဘဝနှင့် လူနေမှုအဆင့်အတန်းမြင့်တင်ပေးနိုင်ခြင်းသည် ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုကို ပိုမိုခိုင်မာလာစေခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး အခြေခံဥပဒေတွင်ပြဋ္ဌာန်းထားသည့်အတိုင်း ပါတီငယ်များကိုလည်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုထားသည်။ လက်ရှိနိုင်ငံရေးပါတီ ကိုးပါတီရှိပြီး လူနည်းစုနိုင်ငံရေးပါတီငယ်များအနေဖြင့် ၁၉ ပါတီရှိသည်။ ကမ္ဘောဒီးယားပြည်သူ့ပါတီ ( Cambodia People's Party – CPP) သည် ၂၀၂၃ ခုနှစ် ဇူလိုင် ၂၃ ရက်နေ့ ရွေးကောက်ပွဲ၌ လွှတ်တော်ကိုယ်စားလှယ် ၁၂၅ နေရာတွင် ၁၂၀ နေရာအနိုင်ရရှိခဲ့ပြီး မဲဆန္ဒရှင် ၉ ဒသမ ၇ သန်းတွင် ၈ ဒသမ ၁ သန်း ထောက်ခံအားပေးမှုရရှိခဲ့သဖြင့် ၈၄ ဒသမ ၅၈ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့သည့်အတွက် ၁၉၇၉ ခုနှစ်ကတည်းက ယနေ့အထိ အာဏာရရှိခဲ့ပြီး နိုင်ငံကိုအုပ်ချုပ်နိုင်ခဲ့သည့် ကမ္ဘာပေါ်တွင် အရှည်ကြာဆုံး အာဏာရနိုင်ငံရေးပါတီတစ်ခုဖြစ်သည်။ (Cambodia People's Party – CPP)ကို ၁၉၅၁ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ကမ်ပူချီယမ်ပြည်သူ့တော်လှန်ရေးပါတီဟု အမည်တွင်ခဲ့သောပါတီဖြစ်သည်။ ၁၉၈၉ – ၁၉၉၁ ခုနှစ်တွင် ကမ္ဘောဒီးယားပြည်သူ့သမ္မတနိုင်ငံဟု အမည်ပြောင်းလဲခဲ့ခြင်းနှင့်အတူ ပါတီအမည်အား ကမ္ဘောဒီးယားပြည်သူ့ပါတီ ( Cambodia People's Party– CPP) အဖြစ်ပြောင်းလဲခဲ့သည်။ CPP ပါတီသည် ၂၀၁၆ ခုနှစ်၌ ကမ္ဘောဒီးယားနိုင်ငံကို အလယ်အလတ်စီးပွားရေးစနစ်သို့ ကူးပြောင်းခဲ့ပြီး ၂၀၃၀ ပြည့်နှစ်တွင် ဝင်ငွေပိုများသော အလယ်အလတ်စီးပွားရေးအဆင့် ကူးပြောင်းရန် ရည်မှန်းချက်ထားရှိသည်။ အရင်းရှင်စနစ်နှင့် ကွန်မြူနစ်စနစ်များအကြား အလယ်အလတ်စနစ်ကျင့်သုံးပြီး ဈေးကွက်စီးပွားရေးစနစ်၏ အခြေခံမူများနှင့် စံနှုန်းများ၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေး၊ ဗုဒ္ဓဘာသာအယူဝါဒများကို အလေးထားခဲ့သည်။ ပါတီခေါင်းဆောင် Hunsan သည် ပါတီအားကောင်းစွာဦးဆောင်နိုင်ခဲ့သည်။ ပါတီသည် လက်ရှိကာလ၌ အမြဲတမ်းကော်မတီဝင် ၃၄ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ CPP ပါတီသည် ၄၄ နှစ်ကျော်ကာလအတွင်း ပြည်သူများထံမှ ဆက်လက်ယုံကြည်မှုရရှိနေခြင်းမှာ ပါတီခေါင်းဆောင်သူတို့သည် အာဏာရှိသည့်အခါ ပန်းတိုင်သုံးခုအပေါ် အလေးထားဆောင်ရွက်ခဲ့သည့်အတွက် ဖြစ်သည်။ ပါတီ၏ ပန်းတိုင်သုံးခုမှာ "နိုင်ငံအခွန့်ရှည်တည်တံ့ရေးနှင့် ပြည်သူများ ငြိမ်းချမ်းစွာနေထိုင်နိုင်ရေး (Life)၊ လူနေမှုအဆင့်အတန်းမြင့်မားရေးနှင့် ပြည်သူများ၏ဘဝပြည့်စုံမှုရရှိစေရေး (Stomach)၊ ပြည်သူများအားအလုပ်အကိုင်၊ အခွင့်အလမ်းများ ဖန်တီးပေးနိုင်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိသည့်နိုင်ငံ ဖြစ်လာစေရေးနှင့် နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာရှိစွာရပ်တည်နိုင်ရေး (Face)" တို့ဖြစ်ပါသည်။ နိုင်ငံအတွင်း သင့်လျော်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖြင့် လူနေမှုဘဝမြင့်မားစေရန် ဆောင်ရွက်ပေးခဲ့သည်။ ပြည်သူများအား ကိုဗစ်–၁၉ ရောဂါဖြစ်ပွားစဉ်ကာလအတွင်း ကယ်ဆယ်ရေးနှင့် ကာကွယ်တားဆီးရေးလုပ်ငန်းများအပြင် ရောဂါဖြစ်ပွားပြီးနောက် နိုင်ငံ့စီးပွားရေး ပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်ရာတွင်လည်း ကောင်းစွာဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။ ထို့ကြောင့် CPP ပါတီသည် ပြည်သူများ၏ ယုံကြည်ကိုးစားအားပေးမှုများဖြင့် နှစ်ပေါင်း ၄၄ နှစ်ကျော်တိုင်အောင် အောင်မြင်မှုများရရှိခဲ့သည့်ပါတီ တစ်ခုဖြစ်ပါသည်။

စာမျက်နှာ ၁၇ သို့ ❍

# ဒုတိယဝန်ကြီး ဒေါ်နုမြဖံ အမျိုးသားပြတိုက်(နေပြည်တော်)၏ ပြတိုက်ပညာပေးရေးအစီအစဉ် ကြည့်ရှုအားပေး

**နေပြည်တော် ဇန်နဝါရီ ၂၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံသည် ယနေ့တွင် အမျိုးသားပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာသည့် Nay Pyi Taw State Academy မှ ကျောင်းသားကျောင်းသူများကို တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးက ပြတိုက်များသည် Informal Learning System ဖြင့် အသိပညာဗဟုသုတများကို ပေးသည့်နေရာဖြစ်ကြောင်း၊ ကျောင်းသင်ခန်းစာများတွင် သင်ကြားသည့် အကြောင်းအရာများကို လက်တွေ့လေ့လာသိရှိနိုင်ကြောင်း၊ အမျိုးသားပြတိုက်(နေပြည်တော်)သည် ကမ္ဘာပေါ်တွင် အစောဆုံးဟု သတ်မှတ်ထားသည့် လူတူပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများကို လေ့လာတွေ့ရှိခြင်းဖြင့် မိမိနိုင်ငံအတွက် ဂုဏ်ယူရမည်ဖြစ်ကြောင်း၊ ပြတိုက်တွင် သမိုင်းကြောင်းဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာများကို ပြသထားကြောင်း၊ ဒေါက်တာသန်းထွန်းက သမိုင်းသင်ရသည့်အကြောင်းမှာ "မအအောင်"သင်ကြားခြင်းဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ သမိုင်းမှန်ကိုသိရှိနိုင်ရန် သမိုင်းကို သင်ကြားရခြင်းဖြစ်ကြောင်း၊ လူငယ်များသည် နောင်တစ်ခေတ်တွင် ခေါင်းဆောင်များ၊ ပညာရှင်များဖြစ်လာကြမည့်သူများဖြစ်သဖြင့် မိမိတို့အနေဖြင့် အလေးထားပါကြောင်းနှင့် ပြတိုက်တွင် ပြသထားသည့် ပြခန်းများအလိုက် မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ အသိပညာဗဟုသုတများကို လေ့လာကြရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။




ထို့နောက် ကျောင်းသား ကျောင်းသူများအား အမျိုးသားပြတိုက်(နေပြည်တော်)ရှိ ပြခန်းများအကြောင်းကို Video Clip ဖြင့် ပြသခဲ့ပြီး ပြတိုက်ဆိုင်ရာဝန်ထမ်းများက ပြခန်းများအလိုက် ရှင်းလင်းပြသခဲ့ရာ လိုအပ်သည်များကို ဒုတိယဝန်ကြီး ဒေါ်နုမြဖံက ဖြည့်စွက်ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး ကျောင်းသား ကျောင်းသူများ လေ့လာခဲ့သည့်အကြောင်းအရာများနှင့် ပတ်သက်၍ ဉာဏ်စမ်းမေးခွန်းများ ဖြေဆိုစေပြီး ဆုရကျောင်းသားကျောင်းသူများကို ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မှော်ဘီမြို့နယ်၊ လှည်းကူးမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၀**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်လှည့်ဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြို့ချောင်းကျေးရွာအုပ်စု ဥသျှစ်ကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၂၀၈ ဦးတို့ကို အဆိုပါကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ လည်းကောင်း၊ လှည်းကူးမြို့နယ် ပုတ်သင်ညိုကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်နှစ်ပါးနှင့် ဒေသခံပြည်သူ ၉၃ ဦးတို့ကို အဆိုပါကျေးရွာရှိမြရတနာကျောင်းတိုက်၌ လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံနယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် နပဲကျုံးရပ်ကွက် သုပ္ပဋိပန္နစောခင်ဌေး ပရိယတ္တိစာသင်တိုက်ရှိ သံဃာတော် ၁၆၉ ပါးတို့ကို အဆိုပါကျောင်းတိုက်၌ လည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးသွေးကြောရောဂါ စမ်းသပ်စစ်ဆေးခြင်း၊ တီဗီဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေခြင်း၊ ဆီးချို/သွေးချို စစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများအား နယ်မြေခံ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အလုံမြို့နယ်၌ ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးအစီအစဉ်ဆောင်ရွက်

**အလုံ ဇန်နဝါရီ ၂၀**

ပြည်ထဲရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာနမှ ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး အစီအစဉ်ကို ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



အခမ်းအနားတွင် အလုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်းထွန်းက အဖွင့်အမှာစကားပြောကြားရာ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက် ညွှန်ကြားရေးမှူး ဦးရှိုင်းဝေမိုးက အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ပညာရေးမှူး ဒေါ်လှကြူမာက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆက်လက်၍ သဘာဝဘေးအန္တရာယ်အသိပညာပေး ဂိမ်းကစားနည်း ကိုးမျိုး ကစားခြင်း၊ မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြသခဲ့ပြီး အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဌာနဆိုင်ရာများ၊ ပရဟိတအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်တင်ချို(ပြန်/ဆက်)**

**လျှပ်စစ်**
**သုံးလျှင်**
**သတိယှဉ်**
**ဝန်အားမမျှ**
**မသုံးရ**

○ စာမျက်နှာ ၁၆ မှ

ထိုင်းနိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသော နိုင်ငံဖြစ်သည်။ ၂၀၂၃ ခုနှစ် ရွေးကောက်ပွဲ၌ နိုင်ငံရေးပါတီ ၇၀ ပါတီမှ ကိုယ်စားလှယ်လောင်း ၆၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပါတီ ၁၈ ပါတီမှ ကိုယ်စားလှယ် ၅၀၀ ရွေးချယ်ခြင်းခံခဲ့ရသည်။ ထိုင်းနိုင်ငံတွင် ၁၉၃၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း တပ်မတော်မှ အာဏာရယူမှု ၁၉ ကြိမ်ရှိခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် အမျိုးသားလုံခြုံရေးအကြီးအကဲ Thawil Pliensri ကို ရာထူးမှဖယ်ရှားခြင်းနှင့်စပ်လျဉ်း၍ အာဏာအလွဲသုံးစားပြုလုပ်မှုစွဲချက်များအတွက် တရားရုံးက ယင်လတ်ရှင်နာဝပ်တွင် အပြစ်ရှိကြောင်း တွေ့ရှိခဲ့ရပြီး ၂၀၁၄ ခုနှစ် မေလ ၇ ရက်နေ့တွင် ထိုင်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ယင်လတ်ရှင်နာဝပ်အား အိမ်စောင့်ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးရာထူးက ဖယ်ရှားခဲ့သည်။ ထို့နောက် ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုချာသည် အမျိုးသားအေးချမ်းသာယာရေးနှင့် ငြိမ်ဝပ်ပိပြားမှုကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် အတည်ပြုခဲ့ပြီး အခြေခံဥပဒေအရ လွှတ်တော် ၂ ရပ် ရှိသည်။ အထက်လွှတ်တော်တွင် တပ်မတော်မှရွေးချယ်သည့် လွှတ်တော်ကိုယ်စားလှယ် ၂၅၀ ဦးနှင့် အောက်လွှတ်တော်တွင် ရွေးကောက်ခံကိုယ်စားလှယ် ၅၀၀ တို့ပါဝင်သည်။ ထိုင်းနိုင်ငံ၌ ဝန်ကြီးချုပ်ရွေးချယ်ရာတွင် အထက်လွှတ်တော်ကိုယ်စားလှယ် ၂၅၀ နှင့် အောက်လွှတ်တော်ကိုယ်စားလှယ် ၅၀၀ တို့မှ မဲပေးရွေးချယ်ရပြီး အနည်းဆုံး ထောက်ခံမဲ ၃၇၆ မဲ ရရှိရမည်ဖြစ်သည်။ ၂၀၁၉ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် ထိုအခြေခံဥပဒေဖြင့် ရွေးကောက်ပွဲကျင်းပခဲ့ရာ ဝန်ကြီးချုပ် ပရာယွတ်က ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းနိုင်ခဲ့ပြီး ဒုတိယအကြိမ် ဝန်ကြီးချုပ်တာဝန်ကို ရယူခဲ့သည်။ ၂၀၂၃ ခုနှစ် ရွေးကောက်ပွဲရလဒ်ကြေညာပြီးနောက် လွှတ်တော်အစည်းအဝေးကို ဇူလိုင်လ ၁၃ ရက်နေ့တွင် ကျင်းပခဲ့ရာ Move Forward ပါတီမှ Pita Limjaroenrat က ထောက်ခံမဲ ၃၂၄ မဲရရှိခဲ့သည်။ ဇူလိုင်လ ၁၉ ရက်နေ့တွင် ထိုင်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးက Move Forward ပါတီ ခေါင်းဆောင် Pita Limjaroenrat ကို iTV Media ကုမ္ပဏီတွင် ရှယ်ယာပိုင်ဆိုင်ထားမှုနှင့်ပတ်သက်၍ တိုင်ကြားချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖောက်ဖျက်ငြိစွန်းသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်ဆိုင်းကြောင်း ကြေညာခဲ့သည်။ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့ လွှတ်တော်အစည်းအဝေးတွင် ဖြူထိုင်း(Pheu Thai)ပါတီမှ Mr.Srettha Thavisin ကို ထောက်ခံမဲအများဆုံးဖြင့် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခဲ့ပြီး ထိုင်းနိုင်ငံ ညွန့်ပေါင်းအစိုးရကို ဖွဲ့စည်းနိုင်ခဲ့သည်။ ဖြူထိုင်း (Pheu Thai) ပါတီအနေဖြင့် ပါတီ ၁၁ ပါတီနှင့် ညွန့်ပေါင်းအစိုးရအဖွဲ့ကို ဦးဆောင်ဖွဲ့စည်းကာ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းထားနိုင်ခြင်းက အဓိကအချက်ဖြစ်ပြီး ဒီမိုကရေစီ ထောက်ခံသူများနှင့် ကွန်ဆာဗေးတစ်တို့အကြား ဟန်ချက်ညီအောင် ထိန်းညှိပေးနိုင်ခြင်းသည် အစိုးရသစ်အတွက် အောင်မြင်မှုတစ်ရပ်လည်းဖြစ်သည်။ ထိုင်းနိုင်ငံ၏ နိုင်ငံရေးပါတီများသည် ဒီမိုကရေစီ၏ အခြေခံဖြစ်သော Rule of Law ကို အလေးထားကာ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာပြီး မိမိပါတီအကျိုးထက် ပြည်သူလူထု၏အကျိုးစီးပွားကို ဖော်ဆောင်လျက်ရှိကြောင်း တွေ့ရှိရသည်။ **(ဆက်လက်ဖော်ပြပါမည်)**

# အမျိုးသားရေးစိတ်ဓာတ်များဖြင့် ပေါ်ပေါက်လာမည့် နိုင်ငံရေးပါတီများ

မောင်ရွှေရိုး

(ယမန်နေ့မှအဆက်)

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးမတိုင်မီအချိန်ကစ၍ အမျိုးသားရေးလှုပ်ရှားမှုများနှင့်အတူ နိုင်ငံရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများပေါ်ပေါက်လာခဲ့ပါသည်။ သို့သော် ခေတ်စနစ်အမျိုးမျိုးပြောင်းလဲခဲ့ရခြင်းကြောင့် နိုင်ငံရေးပါတီများဖျက်သိမ်းခဲ့ရသဖြင့် နိုင်ငံရေးပါတီများမှာ နှစ်ကာလကြာရှည်စွာဆောင်ရွက်နိုင်ခြင်းမရှိဘဲ ကွယ်ပျောက်ခဲ့ရသည်။ ယနေ့အချိန်ကာလတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်နိုင်ရန်အတွက် နိုင်ငံရေးပါတီများကို ပြန်လည်မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ဖွဲ့စည်းထူထောင်ဆောင်ရွက်နေသည့်ကာလဖြစ်ပါသည်။ တစ်နိုင်ငံလုံးစည်းရုံးဆောင်ရွက်မည့်ပါတီ ကိုးပါတီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စည်းရုံးဆောင်ရွက်မည့်ပါတီ ၃၈ ပါတီ စုစုပေါင်း ၄၇ ပါတီ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

**နိုင်ငံရေးပါတီများ ပေါ်ပေါက်လာခဲ့မှုသမိုင်း**

မြန်မာနိုင်ငံ၏ နိုင်ငံရေးပါတီများ ပေါ်ပေါက်လာခဲ့မှုသမိုင်းကို ပြန်လည်လေ့လာကြည့်လျှင် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ဘေးအန္တရာယ်ကျရောက်ခဲ့ပါက နိုင်ငံသားအားလုံး သွေးစည်းဆောင်ရွက်ခဲ့သည့် အစဉ်အလာကောင်းများရှိခဲ့ပါသည်။ ၁၉၃၀ ပြည့်နှစ်တွင် မြန်မာ့လူငယ် ခေတ်ပညာတတ် နိုင်ငံရေးသမား သခင်များသည် တကောင်းအဘိရာဇာ တို့ဗမာသီချင်းကြီးကို သီဆို၍ လာမည့်ဘေး ပြေးတွေ့ဟူသည့် ကြွေးကြော်သံကို ဟစ်ကြွေးကာ တို့ဗမာအစည်းအရုံးကြီးကို စတင်ဖွဲ့စည်းခဲ့သည်။

တို့ဗမာအစည်းအရုံးကြီး ပေါ်ပေါက်လာရခြင်းသည် သာမန်ဖြစ်ရိုးဖြစ်စဉ်များမဟုတ် တိုင်းပြည်တွင် ကျရောက်နေသောပကတိအခြေအနေများကို ဝင်ရောက်ဆောင်ရွက်ရန် သမိုင်း၏တောင်းဆိုချက်အရသာ ထင်ရှားမှန်ကန်စွာ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဝံသာနုဂျီစီဘီအေအဖွဲ့ချုပ်ကြီး (၁၉၁၉-၁၉၂၉) အစိတ်စိတ်အမြွှာမြွှာကွဲပြားပြီး အရေးနိမ့်ခြင်း၊ ဆရာစံတောင်သူလယ်သမား လက်နက်ကိုင်တော်လှန်မှုကြီး (၁၉၃၀-၁၉၃၂) အရေးနိမ့်ခြင်း၊ (၁၉၂၉ - ၁၉၃၀) ကမ္ဘာ့အရင်းရှင်စီးပွားရေးပျက်ပြားမှုကြီး ဖြစ်ပွားနေခြင်း၊ နယ်ချဲ့အစိုးရပယောဂဖြင့် ကုလား-မြန်မာ၊ တရုတ် - မြန်မာ လူမျိုးရေး အဓိကရုဏ်းဖြစ်လာခြင်း၊ တိုင်းပြည်တွင် နိုင်ငံရေးဇာတ်မျောပြီး နိုင်ငံရေးခေါင်းဆောင်မှုအဟောင်းတို့အပေါ် မျှော်လင့်အားကိုးရာမဲ့နေခြင်း၊ ဤသို့သောကာလမျိုးတွင် သမိုင်း၏တောင်းဆိုချက်အရ "ဗမာ (မြန်မာ) ပြည်သည် တို့ပြည်၊ ဗမာ (မြန်မာ) စာသည် တို့စာ၊ ဗမာ (မြန်မာ) စကားသည် တို့စကား" ---- စသော ကြွေးကြော်သံများဖြင့် တို့ဗမာအစည်းအရုံးကြီးသည် ပေါ်ထွက်လာရခြင်းဖြစ်သည်။

စစ်ကြိုခေတ်တွင် တို့ဗမာအစည်းအရုံးကြီးသည် နယ်ချဲ့ပယောဂဖြင့် နှစ်ဂိုဏ်းကွဲခဲ့ရသော်လည်း စစ်ကြီးဖြစ်ခါနီးဆဲဆဲ လွတ်လပ်ရေးတိုက်ပွဲကြီး နီးလာသောအခါ ပြန်လည်သွေးစည်းကြပြီး ရဲဘော်သုံးကျိပ်ကိုပင်ဖွဲ့စည်းကာ ဘီအိုင်အေတပ်မတော်ကြီးထူထောင်၍ လွတ်လပ်ရေးတိုက်ပွဲဝင်နိုင်ခဲ့ကြခြင်းသည် အမျိုးသားညီညွတ်ရေးလမ်းစဉ်၏ "စံ" တစ်ခုဖြစ်ခဲ့ပေသည်။ ထို့အပြင် စစ်ကြီးဖြစ်ကာနီး ၁၉၄၀ ပြည့်နှစ်တွင် တို့ဗမာအစည်းအရုံးကြီး၏ ကိုယ့်မင်းကိုယ်ချင်းအဖွဲ့က ကမကထပြု နှီးနှောစည်းရုံးနိုင်ခြင်းဖြင့် ဗြိတိသျှအစိုးမိုးခံ ဥပဒေပြုလွှတ်တော်တွင် အမျိုးသားလွတ်လပ်ရေးအဆိုကို ထူးခြားစွာစတင်၍တောင်းဆိုခဲ့သည်။ မြန်မာပြည်၏ ဥပဒေခြေလှမ်းတစ်ရပ်ဖြစ်ခဲ့ပေသည်။ ၎င်းလှုပ်ရှားမှုနှင့် မရှေးမနှောင်းပင် တို့ဗမာအစည်းအရုံးကြီးသည် အနာဂတ် အမျိုးသားလွတ်လပ်ရေးခြေလှမ်းအတွက် အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကြီးအဖြစ် "မြန်မာ့လွတ်လပ်ရေးထွက်ရပ်ဂိုဏ်းကြီး"ကို တည်ထောင်ခဲ့ပေသည်။ ၁၉၄၅ ခုနှစ် ဖက်ဆစ်တော်လှန်ရေးအပြီး ၁၉၄၆ ခုနှစ်တွင် ကန်တော်ကြီးနေသူရိန်အမျိုးသားညီလာခံကြီးအပြီး၌ ဖဆပလအဖွဲ့ချုပ်ကြီးဟူ၍ အမျိုးသားလွတ်လပ်ရေးတိုက်ပွဲကြီး၏ နောက်ဆုံးအဆင့်အတွက် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကြီးကို ထူထောင်ခဲ့ကြသည်။ ဤကဲ့သို့ အမျိုးသားညီညွတ်ရေးကို ထူထောင်နိုင်ခဲ့ခြင်းသည် လွတ်လပ်ရေးကြိုးပမ်းမှုတွင် အရေးကြီးဆုံးသောဆောင်ရွက်ချက် သမိုင်းတစ်ကွေ့မှတ်တမ်း (Historical Turning Point) ဖြစ်ခဲ့လေသည်။

မြန်မာပြည်၏ နိုင်ငံရေးသမိုင်းတွင် အမျိုးသားလွတ်လပ်ရေးကြိုးပမ်းမှုများနှင့် လူထုလူတန်းစားစည်းရုံးလှုပ်ရှားမှုများကို တို့ဗမာအစည်းအရုံးကြီးသည် ထူးခြားစွာ ကိုင်တွယ်လမ်းညွှန်ခဲ့ပေသည်။ တို့ဗမာအစည်းအရုံးခေတ်ရောက်မှသာ နိုင်ငံလုံးဆိုင်ရာ လူထုလူတန်းစားအဖွဲ့အစည်းကြီးများ ပေါ်ပေါက်လာခြင်းဖြစ်ပေသည်။ သာဓကအားဖြင့် နိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံးကြီး၊ နိုင်ငံလုံးဆိုင်ရာ အလုပ်သမားအစည်းအရုံးများ အဖွဲ့ချုပ်၊ နိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ၊ ၁၃၀၀-ပြည့် အရေးတော်ပုံကာလအတွင်း လူထုလူတန်းစားအဖွဲ့အစည်းများ မြောက်မြားစွာ ပေါ်ထွက်လှုပ်ရှားခဲ့ကြသည်။ အိမ်တွင်းပုန်း ပညာတတ်မြန်မာအမျိုးသမီးများတွင် ဗမာ (မြန်မာ) ပြည်လွတ်လပ်ရေး အမျိုးသမီးအစည်းအရုံးကြီးဟု ပေါ်ထွက်ခဲ့သည်။

> မြန်မာ့မျိုးဆက်သစ်လူငယ်များသည် အရှိန်အဟုန်ဖြင့် ပြောင်းလဲလာနေသော ကမ္ဘာကြီး၏ပြဿနာအရပ်ရပ်ကို ရဲရင့်စွာရင်ဆိုင်ဖြေရှင်းနိုင်ရန် ကျဉ်းမြောင်းသောလူမျိုးရေးတရားကိုအခြေခံသည့် လူမျိုးရေးစိတ်ဓာတ်မျိုးထက် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး၊ လူထုကြီးတစ်ရပ်လုံးအတွက် ထာဝရအင်အားကြီးမားသောငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ အမျိုးသားညီညွတ်ရေး၊ အမျိုးသားစီးပွားထူထောင်ရေး၊ ကမ္ဘာ့မိသားစုနိုင်ငံများနှင့် ရင်ပေါင်တန်း၍ တန်းတူရည်တူ အကျိုးတူဆက်ဆံနိုင်ရေး မူကြီးများအပေါ်အခြေခံ၍ ကျယ်ပြန့်လေးနက်သည့် နိုင်ငံရေးအသိစိတ်ဓာတ်မျိုး၊ ခေတ်နောက်ပြန်ဆွဲအတွေးအခေါ်များကို ခဝါချ၍ တိုးတက်သောနိုင်ငံရေးအတွေးအခေါ်အမြော်အမြင်မျိုး၊ ဘဝတူပြည်သူများနှင့် ချစ်ကြည်သွေးစည်းရေးစိတ်ဓာတ်မျိုး အမှန်ပင်လိုအပ်

**နိုင်ငံရေးဝါဒနှင့်လမ်းစဉ်**

မြန်မာပြည်၏ နိုင်ငံရေးသမိုင်းတွင် တို့ဗမာအစည်းအရုံးမတိုင်မီက ပေါ်ပေါက်ခဲ့သော နိုင်ငံရေးအဖွဲ့အစည်းများသည် နိုင်ငံရေးဝါဒနှင့်လမ်းစဉ်ဟူ၍ သီးခြားသတ်မှတ် ပိုင်းခြားပြဋ္ဌာန်းထားခြင်း မရှိခဲ့ပေ။ တို့ဗမာအစည်းအရုံးခေတ်တွင်မူကား "တို့ဗမာဝါဒနှင့်လမ်းစဉ်" ဟူ၍ စနစ်တကျသီးခြားပြဋ္ဌာန်းပြီး လုပ်ဆောင်ခဲ့သည်ကိုလေ့လာတွေ့ရှိရသည်။

တို့ဗမာအစည်းအရုံးကြီး၏ အလွန်ခေတ်မီဆန်းသစ်သော နိုင်ငံရေးလုပ်နည်းလုပ်ဟန်များ၊ လူထုအားကောင်းစွာဆွဲငင်နိုင်သော ကြွေးကြော်သံများ၊ ပြောဟန်ဟောဟန် ရေးသားဝါဒဖြန့်ချိခြင်းများက တို့ဗမာသီချင်းကြီးနှင့်တကွ ဇာတိမာန်သီချင်းများကို ရေးစပ်ပြုစု၍ နိုင်ငံရေးယဉ်ကျေးမှုနှင့် စည်းကမ်းဓလေ့များကိုပါ ထူထောင်ပေးခဲ့သည်။ ယုတ်စွအဆုံး တို့ဗမာသခင် တစ်ဦးနှင့်တစ်ဦးတွေ့ဆုံရာတွင် ညာဘက်လက်ရုံး လက်သီးဆုပ်ကို ဆန့်တန်း၍ "ဟေ့---တို့ဗမာ၊ ဟေ့---တို့ဗမာ" ဟု ပြန်လှန်နှုတ်ဆက်ကြသည်အထိ တီထွင်ကျင့်ဆောင်ခဲ့ကြသည်။ တို့ဗမာအစည်းအရုံးကြီးသည် လွတ်လပ်ရေးနှင့်အတူ အချုပ်အခြာအာဏာနှင့်တကွ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ရင်း မြေကတုတ်လုပ်၍ သစ္စာရှိစွာကာကွယ်ရန် ကြည်း၊ ရေ၊ လေတပ်များ အပါအဝင် မြန်မာ့တပ်မတော်ကြီးကို စတင်အုတ်မြစ်ချ ဖွဲ့စည်းနိုင်ခဲ့ပါသည်။ တို့ဗမာအစည်းအရုံးကြီး၏ မျိုးချစ်နိုင်ငံရေးသမားသခင်များသည် ပြည်သူလူထုအကျိုးအတွက် လွတ်လပ်ရေးကို မဖြစ်မနေရယူရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် မြန်မာမျိုးချစ်လူငယ်များသည် မြန်မာ့တပ်မတော်ကို စတင်ထူထောင်ဖွဲ့စည်းပြီး ယင်းတို့ကိုယ်တိုင် တပ်မတော်သားများအဖြစ် ဝင်ရောက်ဆောင်ရွက်ခဲ့ကြသည်။ နိုင်ငံအကျိုးအတွက် လိုအပ်လျှင် အသက်ကို ပေးဆပ်မည့်သူများအဖြစ် သစ္စာပြုခဲ့ကြသည်။

**မြန်မာပြည်၏ လွတ်လပ်ရေးသက်တမ်း ခုနစ်ဆယ်ကျော်ကာလ**

ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက် ကိုလိုနီနိုင်ငံများမှာ လွတ်လပ်ဖွံ့ဖြိုးစနိုင်ငံများအဖြစ် ပေါ်ပေါက်လာကြပါသည်။ ထိုနိုင်ငံများအနက် "ဒီမိုကရေစီရေးနှင့် အမျိုးသားညီညွတ်ရေး" ကို ကောင်းစွာတည်ဆောက်နိုင်သောနိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လုပ်နိုင်ကြပြီး မတည်ဆောက်နိုင်သောနိုင်ငံများမှာ မတည်ငြိမ်မှုများ၊ အမျိုးသားချင်းပဋိပက္ခများဖြင့် နိုင်ငံရေး၊ စီးပွားရေးဇာတ်မျောကာ ပြည်တွင်းလက်နက်ကိုင်တိုက်ခိုက်မှုများအထိ ရင်ဆိုင်ကြရလေသည်။ မြန်မာပြည်၏လွတ်လပ်ရေးသက်တမ်း ခုနစ်ဆယ်ကျော်ကာလတစ်လျှောက်တွင်လည်း ထိုအချက်ကို သက်သေခံခဲ့ပေသည်။

မြန်မာ့မျိုးဆက်သစ်လူငယ်များသည် အရှိန်အဟုန်ဖြင့် ပြောင်းလဲလာနေသော ကမ္ဘာကြီး၏ပြဿနာအရပ်ရပ်ကို ရဲရင့်စွာ ရင်ဆိုင်ဖြေရှင်းနိုင်ရန် ကျဉ်းမြောင်းသောလူမျိုးရေးတရားကို အခြေခံသည့် လူမျိုးရေးစိတ်ဓာတ်မျိုးထက် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး၊ လူထုကြီးတစ်ရပ်လုံးအတွက် ထာဝရအင်အားကြီးမားသော ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ အမျိုးသားညီညွတ်ရေး၊ အမျိုးသားစီးပွားထူထောင်ရေး၊ ကမ္ဘာ့မိသားစုနိုင်ငံများနှင့် ရင်ပေါင်တန်း၍ တန်းတူရည်တူ အကျိုးတူဆက်ဆံနိုင်ရေးမူကြီးများအပေါ် အခြေခံ၍ ကျယ်ပြန့်လေးနက်သည့် နိုင်ငံရေးအသိစိတ်ဓာတ်မျိုး၊ ခေတ်နောက်ပြန်ဆွဲအတွေးအခေါ်များကို ခဝါချ၍ တိုးတက်သောနိုင်ငံရေးအတွေးအခေါ်အမြော်အမြင်မျိုး၊ ဘဝတူပြည်သူများနှင့် ချစ်ကြည်သွေးစည်းရေးစိတ်ဓာတ်မျိုး အမှန်ပင်လိုအပ်ပေသည်။

ယနေ့အချိန်အခါသည် စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရန်နှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ရှေ့လုပ်ငန်းစဉ်များအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဦးတည်ချက်ထားရှိပြီးဖြစ်ပါသည်။ ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ရန်မှာ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဆောင်ရွက်ရန်အတွက်လည်း အခိုင်အမာသန္နိဋ္ဌာန်ချမှတ်ပြီးဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းရေးရရှိရန်မှာ မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ NLD ပါတီ၏ မဲမသမာမှု ဆောင်ရွက်ချက်များကြောင့် နိုင်ငံရေးအရဖြစ်ပေါ်လာသည့်ပြဿနာများကို လက်နက်ကိုင်နည်းလမ်းနှင့် ဖြေရှင်းဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသားဒေသများနှင့် ပြည်နယ်၊ တိုင်းဒေသကြီးအချို့တွင် လက်နက်ကိုင်သောင်းကျန်းမှုများဖြစ်ပေါ်ခဲ့ရပြီး ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများတွင် မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေများကိုပါ ထိပါးစေနိုင်သည့်တိုက်ပွဲများ ဖော်ဆောင်လာသည့်အပြင် အမျိုးဘာသာသာသနာကိုပါ စော်ကားလာသည့် ဆောင်ရွက်မှုများ ရှိလာခဲ့ပြီးဖြစ်ပါသည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ရှမ်းပြည်နယ်မြောက်ပိုင်း လောက်ကိုင်ဒေသ MNDAA နှင့် TNLA သောင်းကျန်းသူများအနေဖြင့် လက်နက်ကိုင်သောင်းကျန်းမှုများမှ မြန်မာနိုင်ငံ၏ပိုင်နက်နယ်မြေလုယက်မှုများအထိ ဆောင်ရွက်ခဲ့ကြပြီး မြန်မာတစ်မျိုးသားလုံး အမြတ်တနိုးထားသည့် စေတီနှင့် ဆင်းတုတော်များကို ဖျက်ဆီးခြင်းများသည် မြန်မာလူထုတစ်ရပ်လုံးကို စော်ကားခြင်းဖြစ်ပြီး မြန်မာပြည်သူလူထုတစ်ရပ်လုံးအတွက် စိတ်မချမ်းမြေ့စရာဖြစ်ရပ်မျိုးအထိ ဆောင်ရွက်လာကြသည်ကို တွေ့မြင်နေရပါသည်။

**လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီ ၃၉ ပါတီမှ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မိမိတို့အစိုးရ၏ အန္တိမရည်မှန်းချက်မှာ လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ကို ကျင်းပပြီး အနိုင်ရသည့်ပါတီကို နိုင်ငံတော်တာဝန် ပြန်လည်လွှဲပြောင်းပေးနိုင်ရေးပင်ဖြစ်ကြောင်း၊ သို့သော် နိုင်ငံရေးအရဖြစ်ပေါ်လာသည့် ပြဿနာကို နိုင်ငံရေးအရ မဖြေရှင်းဘဲ အကြမ်းဖက်မှုနည်းလမ်းများဖြင့် ဖြေရှင်းရန် ကြိုးပမ်းလာမှုများကြောင့် နိုင်ငံအတွင်း လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်လာခဲ့ရကြောင်း၊ တစ်ဖက်တွင်လည်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများက ပွဲလန့်တုန်းဖျာခင်းဆိုသကဲ့သို့ အကြမ်းဖက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ပုံဖော်လုပ်ဆောင်လာခဲ့သဖြင့် ယခုအချိန်ထိ အချို့နေရာများတွင် တိုက်ပွဲများ ဖြစ်ပွားလျက်ရှိကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများ လျော့နည်းပပျောက်ရေး တပ်မတော်အနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ပူးပေါင်း၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့တက်ရောက်လာကြသည့် နိုင်ငံရေးပါတီအားလုံးသည် ဒီမိုကရေစီစနစ်ကို လက်ခံယုံကြည်သည့်သူများဖြစ်သည်ဟု ယုံကြည်ကြောင်း၊ ပါတီဝင်များအနေဖြင့်လည်း ပါတီ၏အမာခံများဖြစ်သကဲ့သို့ ဒီမိုကရေစီ၏အမာခံများဖြစ်ရန်လိုအပ်ပြီး ပါတီများ၏အင်အားကို နိုင်ငံတော်အတွက် အကျိုးရှိရှိမှန်မှန်ကန်ကန်ဖြင့် အသုံးချနိုင်ရန်လိုကြောင်း၊

**စာမျက်နှာ ၉ သို့** ✧

THE REPUBLIC OF THE UNION OF MYANMAR
THE SUPREME COURT OF THE UNION
သတင်းထုတ်ပြန်ချက်

# တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) ၏ ဒုတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၄) ထုတ်ပြန်

နေပြည်တော်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ လ ၂၂ ရက်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် “တရားမျှတမှုရရှိစေရေး၊ အားလုံးပါဝင်ဆောင်ရွက်ပေး” ဟူသည့် ဆောင်ပုဒ်ဖြင့် တတိယအကြိမ်မြောက် “တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)” ကို အကောင်အထည်ဖော်လျက်ရှိပါသည်။ မဟာဗျူဟာစီမံကိန်းရည်မှန်းချက်များ အောင်မြင်စေရေးအတွက် နှစ်စဉ်မဟာဗျူဟာလုပ်ငန်းအစီအစဉ်များ ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ “တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)” ၏ ၂၀၂၄ ခုနှစ်အတွက် ဒုတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ်ကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ယနေ့ထုတ်ပြန်လိုက်သည်။

တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) တွင် တရားစီရင်ရေး၏ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ တန်ဖိုးများ ရရှိအောင်မြင်စေရန်အတွက် မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၅) ရပ်ဖြစ်သည့် တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေးဆောင်ရွက်ပေးရန်၊ အများပြည်သူ၏ အသိအမြင်ကိုမြှင့်တင်ပေးရန်၊ တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုနှင့် စီမံခန့်ခွဲနိုင်မှုစွမ်းရည်မြှင့်တင်ရန်၊ တရားစီရင်ရေး၏ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန်နှင့် ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးက ဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန်တို့ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းအစီအစဉ်များကို အရေးကြီးမှုအစီအစဉ်အလိုက် ဦးစားပေးအဆင့်များသတ်မှတ်၍ နှစ်အလိုက် အကောင်အထည်ဖော်လျက်ရှိပါသည်။

သို့ဖြစ်ရာ ၂၀၂၃ ခုနှစ်တွင် ဦးစားပေးအဆင့် (၁) အစီအစဉ်များကို ထည့်သွင်းအကောင်အထည်ဖော်ခဲ့ပြီး ယခု ၂၀၂၄ ခုနှစ် တွင် ယခင်နှစ်များက မပြီးပြတ်သေးသော လုပ်ငန်းအစီအစဉ်များကို ဆက်လက်ဆောင်ရွက်ရန်နှင့် အသစ်ထပ်မံဆောင်ရွက်ရန်ကိစ္စများအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း၏ ၂၀၂၄ ဒုတိယနှစ် လုပ်ငန်းအစီအစဉ်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အင်တာနက်စာမျက်နှာ www.unionsupremecourt.gov.mm တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

# နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပထမဖောင်းရစ်အား ရွှေစင်ရွှေပြားများ ဆက်ကပ်လှူဒါန်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၂၁**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပထမဖောင်းရစ်အား ရွှေစင်ရွှေပြားများ ဆက်ကပ်လှူဒါန်းနိုင်ရေးအတွက် ရွှေစင်ရွှေပြားတစ်ချပ် (အရွယ် တစ်ပေ x တစ်ပေ) အလေးချိန် ရွှေတစ်ကျပ်သားအတွက် ငွေကျပ် ၂၅၀၀၀၀၀ ဖြင့် သဒ္ဓါတတ်အား နည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါရန်နှင့် ကုသိုလ်ပါဝင်လှူဒါန်းလိုပါက ပျဉ်းမနားမြို့ မြန်မာ့စီးပွားရေးဘဏ် ရွှေသင်္ကန်း ငွေစာရင်းအမှတ် CF.000873 သို့ ပေးပို့၍ ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။ လှူဒါန်းလိုပါက ဦးမောင်မောင် ဒုတိယမြို့တော်ဝန် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း ၀၉-၄၀၄၄၃၄၄၉၉ နှင့် ဦးထွန်းကြည် ဂေါပကအဖွဲ့ဝင် ဥပ္ပါတသန္တိစေတီတော် ဖုန်း ၀၉-၅၁၃၅၆၉၈ တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးမြို့ သပြေကုန်းဘိုးဘွားရိပ်သာ၌ ဇဗ္ဗူရတနာ ဓမ္မာရုံတော်ကြီး ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ

**ပဲခူး ဇန်နဝါရီ ၂၁**

ပဲခူးမြို့ မဇင်းရပ်ကွက် သပြေကုန်းဘိုးဘွားရိပ်သာ၌ ဇဗ္ဗူရတနာ ဓမ္မာရုံတော်ကြီး ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ သပြေကုန်းဘိုးဘွားရိပ်သာမှ အဘိုး ဦးတင်မောင်မြင့်၊ အဘွား ဒေါ်ဌေးဌေးမြင့်တို့က ဇဗ္ဗူရတနာ ဓမ္မာရုံတော်ကြီးအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။ ယင်းနောက် ဇဗ္ဗူရတနာ ဓမ္မာရုံကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။

ထို့နောက် ဇဗ္ဗူရတနာဓမ္မာရုံ ရေစက်ချ အလှူတော်မင်္ဂလာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပေးခဲ့ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်အပေါင်းက မဟာကလျာဏီသိမ်တော်ကြီး စာသင်တိုက် ဆရာတော် ဘဒ္ဒန္တကဝိန္ဒာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ခဲ့ကြသည်။ ယင်းနောက် ဆရာတော်၊ သံဃာတော်များထံမှ မေတ္တာသုတ် ပရိတ်တရားတော်မြတ်ကို နာယူကြည်ညိုခဲ့ကြပြီး တိုင်းဒေသကြီးသာသနာရေးဦးစီးမှူးက ကမ္ပည်းမော်ကွန်းအား ဖတ်ကြားလျှောက်ထားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိများက ကြွရောက်တော်မူလာကြသည့် ဆရာတော်၊ သံဃာတော်များထံသို့ သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးတို့က ကြွရောက်လာသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြပြီး သပြေကုန်း ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား တစ်နေ့စာအလှူ အာဟာရဖြည့်စွက်စာနှင့် အလှူငွေများ ထောက်ပံ့လှူဒါန်းခဲ့ကြသည်။



ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှု၊ မတည်လှူဒါန်းမှုတို့နှင့်အတူ ဌာနဆိုင်ရာများ၊ မြို့မိ/မြို့ဖများ၊ စေတနာရှင်ပြည်သူများ၏ ထည့်ဝင်လှူဒါန်းမှုတို့ဖြင့် သပြေကုန်းဘိုးဘွားရိပ်သာရှိ ဓမ္မာရုံ၊ စားရိပ်သာဆောင်၊ အဘိုးအဘွားအိပ်ဆောင်များ၊ ခုတင်များအား ငွေကျပ် ၁၄၂၀၇၄၀၀၀ အကုန်အကျခံကာ ပြင်ဆင်တိုးချဲ့ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

✧ စာမျက်နှာ ၈ မှ

ထို့အပြင် နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေးအတွက် ပါတီဝင်များမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရန်အတွက် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုရှိရန်လိုကြောင်း၊ တည်ငြိမ်အေးချမ်းမှုရရှိရန် အားလုံးပါဝင်သည့် ပြည်သူ့လုံခြုံမှုစနစ်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် ဖြစ်ပေါ်လာသည့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ၏လုပ်ရပ်များကြောင့် နိုင်ငံတော်အတွက် ဆုံးရှုံးမှုများရှိသကဲ့သို့ အသက်အိုးအိမ်စည်းစိမ်များလည်း ထိခိုက်ခဲ့ရကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် သဘောကွဲလွဲမှုများ၊ အားနည်းမှုများကို သိရှိနားလည်ထားရန်လိုအပ်ပြီး ပါတီမူဝါဒလုပ်ငန်းစဉ်များကို တိကျခိုင်မာစွာ ချမှတ်ထားရန်လိုကြောင်း၊ ထို့နောက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး နိုင်ငံအတွင်း ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံ၏ ပညာရေးမြင့်မားရေးအတွက် နိုင်ငံရေးပါတီများအနေဖြင့် တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း မှာကြားခဲ့ပါသည်။

ယနေ့ဖြစ်ပွားနေသော လက်နက်ကိုင်သောင်းကျန်းမှုများနှင့် PDF များ၏ အကြမ်းဖက်ဆောင်ရွက်မှုများသည် ပြည်သူလူထု၏ အသက်အိုးအိမ်များကို များစွာထိခိုက်ခဲ့သည့်အပြင် စားဝတ်နေရေးအတွက် လမ်းပန်းဆက်သွယ်ရေးအပါအဝင် အလုပ်အကိုင်ဆောင်ရွက်မှုများကို ထိခိုက်ခဲ့ရပါသည်။ လူသတ်၊ ဆက်ကြေးတောင်း၊ ဂိတ်ကြေးကောက်၊ မူးယစ်ဆေးဝါးသယ်ဆောင် ရောင်းဝယ်ကြသည့်အပြင် အပြစ်မဲ့ဝန်ထမ်းမိသားစုများနှင့် ကျောင်းဆရာ ဆရာမများကိုပါ သတ်ဖြတ်ခြိမ်းခြောက်ဆောင်ရွက်ခဲ့မှုများသည် အနာဂတ်မြန်မာနိုင်ငံတော်အတွက် မည်သို့မျှလက်ခံနိုင်စရာအကြောင်းမရှိကြောင်း ထင်ထင်ရှားရှားတွေ့မြင်နေရပြီဖြစ်ပါသည်။ မလုံမခြုံဖြင့် ကုန်ဈေးနှုန်းကြီးမြင့်လာမှုများကြောင့် စားဝတ်နေရေး အတိဒုက္ခရောက်ခဲ့ကြရပါသည်။ စစ်ပွဲဖြစ်ပွားသောဒေသများရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများမှာ စစ်ဘေးရှောင်ရင်း စစ်ဘေးဒုက္ခသည်များဖြစ်ခဲ့ရပါသည်။ EAO အဖွဲ့တချို့၏ ဆောင်ရွက်မှုများကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ထိခိုက်နိုင်သည့်အပြင် နိုင်ငံတော်၏ အချုပ်အခြာအာဏာကိုပါ ထိပါးလာနိုင်သဖြင့် နိုင်ငံတော်အတွက် အရေးကြီးဆုံးအချိန်အခါလည်းဖြစ်ပါသည်။ နိုင်ငံရေးပါတီများအနေဖြင့် ပါတီဝင်အင်အားများကို စည်းရုံးပြီး ပါတီဝင်အမာခံများဖြင့် ပြည်သူ့လုံခြုံရေးကို ဝိုင်းဝန်းကူညီဆောင်ရွက်ရမည့် အချိန်အခါလည်းဖြစ်ပါသည်။ ပြည်သူလူထု၏စားဝတ်နေရေးအတွက် ဦးစီးရှေ့ဆောင်ပြုကာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများတွင် တတ်နိုင်သမျှ ပါဝင်ဆောင်ရွက်သင့်ပါသည်။ ပြည်သူလူထုအခက်အခဲတွေ့နေချိန်တွင် ပြည်သူလူထုနှင့်အတူ အေးအတူပူအမျှ ထဲထဲဝင်ဝင် စည်းရုံးဆောင်ရွက်ကြခြင်းဖြင့် မိမိပါတီ၏အမာခံအင်အားများ တိုးပွားလာမည်ဖြစ်သလို ပြည်သူ၏ထောက်ခံယုံကြည်မှုလည်း ရရှိလာမည်ဖြစ်ပါသည်။ နိုင်ငံရေးပါတီများသည် အသွင်သဏ္ဌာန် ကောင်းမွန်ရန်အတွက် ဥပဒေပြဋ္ဌာန်း၍ ဖွဲ့စည်းပုံပါတီဝင်အင်အား၊ ပါတီရုံးခန်းအဆောက်အဦ၊ ပါတီရန်ပုံငွေတို့ကို သတ်မှတ်ဆောင်ရွက်နိုင်သော်လည်း ပါတီ၏ မူဝါဒရည်မှန်းချက်၊ လုပ်ဆောင်ချက်များ ကောင်းမွန်မှသာ အနှစ်သာရရှိပြီး ပြည်သူလူထုအားကိုးထောက်ခံယုံကြည်မှုဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်ပေသည်။ ယနေ့ခံယူကြရမည့် အမျိုးသားရေးရည်မှန်းချက်မှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးပင်ဖြစ်သည့်အတွက် ပါတီဝင်များ၏စည်းရုံးမှုမှ နိုင်ငံသားအားလုံး အမျိုးသားရေးတာဝန်ကြီးတစ်ရပ်အနေဖြင့် ပါဝင်ဆောင်ရွက်နိုင်ရေး နိုင်ငံရေးပါတီအားလုံးက ဝိုင်းဝန်းပါဝင်ဖော်ဆောင်ပေးကြစေလိုပါကြောင်း တို့ဗမာအစည်းအရုံးကြီးကဲ့သို့ အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပေါ်ပေါက်လာမည့် နိုင်ငံရေးပါတီများကိုကြိုဆိုလိုက်ရပါသည်။ ။

**ရည်ညွှန်းချက်များ**


၁။ သခင်များနှင့် အမျိုးသားလွတ်လပ်ရေးကြိုးပမ်းမှုကြီး (၁၉၃၀-၁၉၄၈)၊ တက္ကသိုလ်စိန်တင်။
၂။ ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (ပထမတွဲ၊ ဒုတိယတွဲ)။
၃။ Ref; APORNRATH PHOONPHONGPHIPHAT, Nikkei staff writer August 23, 2023 Thailand’s new PM Srettha to lead next government; 5 things to know.
၄။ နှစ်တစ်ရာပြည့် တရုတ်ကွန်မြူနစ်ပါတီနှင့် အခြေမတည်နိုင်သေးသော ပါတီစနစ်အခြေခံ မြန်မာ့နိုင်ငံရေး(ဆောင်းပါး)။
၅။ ကမ္ဘာ့နိုင်ငံရေးပါတီစာတမ်းများ(ဦးမြသောင်း)။